# နွေစပါးစိုက်ပျိုးရေးအတွက် ရေဘုတ်တာတမံ ဆောက်လုပ်နေ

ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ်အတွင်း၌ နွေစပါးစိုက်ပျိုးရန်အတွက် ၎င်းဒေသရှိ ရေဘုတ်ချောင်းကို အခြေပြု၍ ဒေသဆိုင်ရာ အာဏာပိုင်များက ယခုနှစ် မတ်လအထိ တာတမံတခု ဆောက်လုပ်လျှက်ရှိသည်ဟု ဒေသခံများ၏ ပြောပြချက်အရ သိရသည်။

အဆိုပါနယ်တဝိုက်ရှိ ကျေးရွာများမှ ရွာသူရွာသားများမှာ မိုးစပါးကိုသာ အဓိကထားစိုက်ပျိုးလာခဲ့ပြီး ယခုလို ရေဘုတ်တာတမံကို ဆောက်လုပ်ရခြင်းအားဖြင့် ဒေသဆိုင်ရာ အာဏာပိုင်များမှ ထိုဒေသတဝိုက်တွင် နွေစပါးကို မဖြစ်မနေ စိုက်ပျိုးခိုင်းရန် အလားအလာရှိနိုင်ကြောင်းလည်း အမည်မဖော်လိုသူ ဒေသခံတဦးက ကရင်သတင်းစဉ်ကို ယခုလို ပြောသည်။

"အဲဒီတာတမံပြီးရင် နွေစပါးအတွက် လိုအပ်တဲ့ရေတွေကို တမံထဲကသွယ်ပြီး အသုံးပြုသွားမယ်လို့တော့ ပြောတာပဲ။ ဒါပေမဲ့ ဒီနယ်တဝိုက်က အခုချိန်အထိ မိုးစပါးပဲ စိုက်ပျိုးတာလေ။ ကျနော့်အထင်တော့ တာတမံပြီးသွားရင် အစိုးရက ဒေသခံတွေကို နွေစပါးစိုက်ခိုင်းတော့မယ် ထင်ပါရဲ့"ဟု ခန့်မှန်းပြောဆိုသည်။

၎င်းတာတမံဆောက်လုပ်ရာတွင် နီးစပ်ရာ ရွာများမှ စားကျက်မြေများနှင့် အချို့ရွာသားများ၏ စိုက်ပျိုးခါစ ရာဘာခင်းအနည်းငယ် ပါဝင်သည်ဟုလည်း အဆိုပါဒေသခံက ယခုလို ပြောဆိုသည်။ သူက "အဲဒီနေရာက စားကျက်မြေ မြေလွတ်မြေရိုင်းတွေ ပါတာ များတယ်။ ရွာသားတွေရဲ့ လယ်တွေတော့ သိပ်မပါပါဘူး။ ဒါပေမဲ့ တချို့ရာဘာစိုက်ခင်းနေရာတွေ နည်းနည်းတော့ ပါသွားတယ်။ ရာဘာပင်ပေါက်လေးတွေပဲ ရှိသေးတယ်ဆိုပေမဲ့ စိုက်ခင်းအတွက် ငွေရင်းက ကုန်ကျပြီးနေပြီလေ။ အဲလိုခြံတချို့ ပါသွားတယ်။ ဒီအတွက် ဘာလျော်ကြေးမှတော့ မရပါဘူး"ဟု ဆိုသည်။

လက်ရှိအချိန်တွင်မူ ရေဘုတ်တာတမံကို အလုပ်သမားများ ငှားရမ်းကာ ဆောက်လုပ်နေဆဲဖြစ်ပြီး ထိုဒေသတဝိုက်သည် တိုးတက်သော ကရင်ဗုဒ္ဓဘာသာတပ်ဖွဲ့(ဒီကေဘီအေ) (၉၉၉)တပ်မဟာ၊ တပ်ရင်း(၁) အခြေစိုက်ရာ နယ်မြေဖြစ်သဖြင့် ၎င်းတပ်ရင်းမှ ရဲဘော်များက ယခုနှစ်ဆန်းပိုင်းမှစ၍ တာတမံ လုံခြုံရေးအတွက် အလှည့်ကျ သွားရောက်ကင်းစောင့်ပေးရသည်ဟု သိရသည်။

"အရှည်၊ အကျယ်ဘယ်လောက်ရှိတယ်တော့ အတိအကျ မပြောနိုင်ဘူး။ အဲဒီနေရာက ဘယ်သူ့ကိုမှသွားခွင့်မပေးဘူး။ တမံအတွက် နေ့စား သွားလုပ်နေရတဲ့သူတွေလည်း တာတမံရဲ့ အကျယ်အဝန်းကို ခန့်မှန်းပြောမတတ်ဘူးလေ။ သေချာတာကတော့ တမံပြီးမှပဲ သိရမယ်ထင်တယ်။ အခုလောလောဆယ်တော့ လှိုင်းဘွဲ့ကားလမ်းဘေးမှာ 'ရေဘုတ်တာတမံသို့'ဆိုတဲ့ ဆိုင်းပုဒ်လေးညွှန်းထားတာ တွေ့ရတယ်။ တခုသိရတာက အဲဒီတမံကို ဆောက်လုပ်မပြီးခင် ဖွင့်ပွဲလုပ်မယ်လို့ လုံခြုံရေးစောင့်တဲ့ ဒီကေဘီအေအဖွဲ့ဝင်တွေက ပြောတာပဲ"ဟု ထိုနေရာကို ဖြတ်သန်းသွားလာသူတဦးက ကရင်သတင်းစဉ်ကို ပြောသည်။

၂၀၀၇ ခုနှစ်ကတည်းက ရေဘုတ်ချောင်းကို အမှီပြုကာ ဆောက်လုပ်လျှက်ရှိသည့် ၎င်းရေဘုတ်တာတမံသည် ဖားအံမှ လှိုင်းဘွဲ့သို့သွားရာလမ်းပေါ်ရှိ ထီလုံကျေးရွာအထွက် ကားလမ်းအနောက်ဘက်ခြမ်း၌ တည်ရှိပြီး မြန်မာစစ်တပ်၏ တပ်ရင်း(၂၀၂)နေရာနှင့်လည်း ကပ်လျှက်ရှိသည်ဟု သိရသည်။ မြန်မာစစ်အစိုးရသည် အိမ်နီးချင်း ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံများနှင့် ပူးပေါင်းကာ ကရင်ပြည်နယ်အတွင်း၌ ဟတ်ကြီး(ဖားအံခရိုင်)၊ ဝဲကြီးနှင့် ဒါးဂွင်(ဖာပွန်ခရိုင်) ရေကာတာများကို ဆောက်လုပ်လျှက်ရှိသည်။

# ကိုးသုံးလုံးဂိတ်အသစ်ထပ်ဖွင့် ဂိတ်ဟောင်းနှင့် တလှည့်စီလုပ်စားနေ

ဘန်ကောက်မှ ပြန်လာသည့် မြန်မာရွှေ့ပြောင်းအလုပ်သမားများကို ထိုင်းလူဝင်မှုကြီးကြပ်ရေးက ပြန်ပို့နေသည့် မြန်မာဘက်ကမ်း (၉၉၉)ဂိတ်ကို အသစ်တဂိတ် ထပ်မံဖွင့်၍ ဂိတ်သစ်နှင့် ဂိတ်ဟောင်း တရက်စီ အလှည့်ကျ ဂိတ်ကြေးကောက်ခံလျှက်ရှိသည်ဟု ကိုယ်တိုင်ကြုံတွေ့ရသူများက ပြောသည်။

မြဝတီမြို့မှ ကားဖြင့် တနာရီခရီးသွားရသော အဆိုပါ (၉၉၉)ဂိတ်ဟောင်းကို ဖွင့်လှစ်ထားသည်မှာ ဆယ်နှစ်ကျော်ကြာမြင့်ခဲ့ပြီး ထိုဂိတ်မှတဆင့် ဘန်ကောက်မှ ပြန်ပို့လာသူများကို လက်ခံရွေးယူရာတွင် ဝေစားမျှစား မညီမျှသဖြင့် မူလဂိတ်နှင့် မနီးမဝေးတွင် ဂိတ်အသစ်တခု ထပ်မံဖွင့်လှစ်ကာ အလှည့်ကျစနစ်ဖြင့် လုပ်စားနေကြခြင်းဖြစ်သည်ဟု သိရသည်။

"သူတို့က အဝေမတည့်ကြဘဲ ပြဿနာဖြစ်ကြတယ်လေ။ အဲဒီတော့ ဂိတ်ဟောင်းနဲ့ မလှမ်းမကမ်းမှာ ဂိတ်အသစ်တခု ထပ်ဖွင့်တယ်။ ၂လပိုင်းမှာ အစည်းအဝေးတခုလုပ်ပြီး ဂိတ်သစ်နဲ့ ဂိတ်ဟောင်းကို တလှည့်စီ လူအပို့ခိုင်းမယ်ဆိုတဲ့ ဆုံးဖြတ်ချက်ကျတယ်လေ။ အဲဒီနောက်ပိုင်း ဘန်ကောက်ကားပေါ်က ဖမ်းလာတဲ့သူတွေကို တောမောတွေက တရက် တဂိတ်စီ ပြန်သွန်ပို့ပေးနေတယ်လေ။ ဥပမာ ဒီနေ့ကို ဂိတ်ဟောင်းမှာသွန်ရင် နောက်နေ့ဆို ဂိတ်သစ်မှာသွန်တာပေါ့"ဟု ဂိတ်ဟောင်းနှင့် ဂိတ်သစ်ကို သွားလာနေသူ ဆိုင်ကယ်သမားတဦးက ပြောသည်။

ထိုင်းလူဝင်မှုကြီးကြပ်ရေး(တောမော)၏ အဆက်အသွယ်ဖြင့် မြန်မာဘက်ကမ်းသို့ ပြန်လည်ပို့ဆောင်ခဲ့ပြီး လူတဦးချင်းစီကို သတ်မှတ်ထားသည့် အခကြေးငွေဖြင့် ပြန်လည်ရွေးထုတ်ယူရသည်ဟု ညီမဖြစ်သူကို သွားရောက်ခေါ်ယူခဲ့ရသည့် ကရင်အမျိုးသမီးတဦးက ပြောသည်။ "အဲဒီဂိတ်တွေက ထိုင်းတောမောနဲ့ ကြိုညှိထားပြီးသား။ ဥပမာ ဒီနေ့ကို ဘန်ကောက်ကလူ ဘယ်နှစ်ယောက် ပြန်ပို့လာမယ်ဆိုတာ သူတို့က ဖုန်းနဲ့အဆက်အသွယ်ကြိုလုပ်ထားတယ်။ အဲဒီအခါ ကိုးသုံးလုံးဂိတ်ကနေ ကယ်ရီသမားက အဆင်သင့်စောင့်နေလိုက်ရုံပဲ။ ကိုယ့်ကိုလာရွေးမဲ့ ကယ်ရီမရှိရင် မပြန်ရဘူးလေ"ဟု သူမက ပြောသည်။

ထိုဂိတ်တွင် တိုးတက်သောကရင်ဗုဒ္ဓဘာသာတပ်ဖွဲ့(ဒီကေဘီအေ)၊ မြန်မာစစ်တပ်နှင့် ကယ်ရီသမားများက ဝေစားမျှစားလုပ်နေကြပြီး လူတဦးလျှင် ထိုင်းဘတ်ငွေ ၁,၃၀၀ပေးဆောင်ရသည်ဟု ကိုယ်တိုင်ကြုံတွေ့ရသူတဦးက ပြန်လည်ပြောပြသည်။

"ကျမတို့ တယောက်ကို ဘတ် ၁၃၀၀ ကယ်ရီသမားကိုပေးရတယ်။ ဒါ အပြီးပဲ။ ကျန်တာ သူတို့ဖာသာသူတို့ ပြန်ဝေယူကြတယ်။ ကျမတို့အတွက်တော့ ဂိတ်ကပြန်ထွက်လာနိုင်ဖို့ပဲ။ အရေးထဲမှာ အဲဒီဂိတ်တွေက ဒီကေဘီအေတွေကလည်း ရန်ပုံငွေအတွက်ဆိုပြီး ပြန်လာတဲ့သူတွေကို စာအုပ်တွေ ရောင်းတယ်။ တအုပ်ကို ဘတ် ၂၀၀နဲ့ မဝယ်မနေရတဲ့။ ကျမက ကျောင်းမနေရတော့ ဘာစာမှလည်းမဖတ်တတ်ဘူး။ ဒါပေမဲ့ ဝယ်ရတာပဲလေ။ ပြီးတော့ သူများကို ပေးလိုက်တာပေါ့"ဟု ဘန်ကောက်မှ ပြန်လာသူ အကြိုင်က ပြောသည်။

ဘန်ကောက်ကားပေါ်တွင် ဖမ်းမိသည့် တရားမဝင် မြန်မာပြည်သားများကို ပြန်လည်ပို့ဆောင်ရာ၌ ထိုင်းလူဝင်မှုကြီးကြပ်ရေးဌာနမှ တာဝန်ပေးထားသူတဦးက မြန်မာဘက်ကမ်းရှိ ကယ်ရီသမား(လူကုန်ကူးသူ)များထံ ဖုန်းဖြင့်ဆက်သွယ်၍ ရောက်ရှိလာမည့် လူဦးရေစာရင်းနှင့် နေရာအတိအကျကို ကြိုတင်သတင်းပို့ပြီး လုပ်ဆောင်လျှက်ရှိကြောင်းလည်း မြဝတီဒေသခံ အတော်များများက ပြောဆိုနေကြသည်။

မြဝတီမြို့မှ ဆိုင်ကယ်ကုန်သည်တဦးက "ထိုင်းတောမောဘက်က သူတို့လူရှိတယ်။ အဲလိုဘန်ကောက်ကားပေါ်က ဖမ်းလာတဲ့သူတွေကို ပြန်ရွေးတဲ့နေရာမှာ တယောက်ကို ဘတ် ၆၀၀ တောမောကို ပေးရတယ်လေ။ တနေ့တနေ့ကို အယောက်ရာနဲ့ချီတော့ တောမောတွေ ဘယ်လောက်ရသလဲ စဉ်းစားကြည့်ပေ့ါ။ အစကဆို ဖမ်းမိလာတဲ့သူတွေကို တံတားထိပ်က တောမောရုံးမှာစုထားပြီး မြန်မာဘက်ကို ပြန်ပို့တာပဲ။ အဲဒါက တရားဝင်နည်းနဲ့ပို့တာပေ့ါ။ ဒါပေမဲ့ ငွေမရဘူးလေ။ အခုဂိတ်ကနေပို့တော့ ဟိုဘက်ဒီဘက် နှစ်ဖက်ရိုက်ပြီး လုပ်စားနေကြတာပေ့ါ။ ကြားထဲက အသားလွတ်ကြီး ပေးနေရတာက ပြန်ပို့ခံရတဲ့လူတွေပဲလေ"ဟု ဆိုသည်။

၎င်းဂိတ်များတွင် ထိုင်းဘက်ကမ်းမှ တနေ့လျှင် အနည်းဆုံး လူအယောက် ၄၀၀ခန့် ပြန်ပို့လာသည့်အပြင် ထိုသူများကို မွန်၊ ကရင်၊ ပအိုဝ့်၊ ဗမာ စသည်ဖြင့် လူမျိုးအလိုက် သီးသန့်ခွဲထုတ်ပြီး သက်ဆိုင်ရာ ကယ်ရီသမားများက တဦးချင်းစီကို မေးမြန်းကာ တာဝန်ခံရွေးယူသည့်စနစ်ဖြင့် လုပ်ဆောင်လျှက်ရှိသည်ဟုလည်း ကုန်သည်တဦးက ပြန်လည်ပြောပြခဲ့သည်။

**ကရင်သတင်းစဉ်**